အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇ /ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက်

အထူးကြေညာချက်အမှတ်– ၂ / ၀၂ / ၀၈

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် ကြေညာချက်အမှတ်– ၁/၂၀၀၇ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်၏ အပိုဒ် (၇)တွင် ပါရှိသည့် အချက်များအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ငြင်းခုံရေးသားနေကြမည့်အစား အဆုံးအဖြတ်ပေးနိုင်သည့် အဆိုပါပုဂ္ဂိုလ်ကြီးနှစ်ဦးတို့သည် ကြိုတင်၍ စည်းကမ်းသတ်မှတ်ချက်များ မထားဘဲ ကိုယ်တိုင်ကိုယ်ကျ အမြန်ဆုံး တွေ့ဆုံဆွေးနွေး၊ ညှိနှိုင်းကြခြင်းသည်သာ တိုင်းပြည်အတွက် အထူးတလည် အကျိုးကျေးဇူးများ ပေါ်ပေါက်လာနိုင်ရန် အသင့်လျော်ဆုံးနည်းလမ်းဖြစ်ပါသည်။ သို့ကြောင့် မည်သည့်ပြဿနာများကိုမဆို တစ်ဦးနှင့်တစ်ဦး စာပေးစာယူပြုကြမည့်အစား မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာကြရန်သာ ဖြစ်ပါသည်။

၂။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ပြည်တွင်းပြဿနာများကိုလည်းကောင်း နိုင်ငံအချင်းချင်း ပြဿနာများကိုလည်းကောင်း၊ အပေးအယူပြုလုပ်ကြ၍ တွေ့ဆုံဆွေးနွေးကြခြင်းမှာ ကမ္ဘာ့ရွာ (globalization)ခေတ်တွင် နိုင်ငံတကာကျင့်စဉ် ဖြစ်နေပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမထားပဲ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာကြရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျှက်ရှိပါသည်။ အာဏာပိုင်တို့ကလည်း တွေ့ဆုံဆွေးနွေးရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ထားသည်ဟု ပြောကြားခြင်းကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ကြိုဆိုပါသည်။ "အစဉ်အမြဲ တံခါးဖွင့်ထားသည်" ဟူသည်နှင့်အညီ တွေ့ဆုံဆွေးနွေးကြပြီး ပြဿနာများဖြေရှင်းကြရန် အထူးလိုအပ်ပါသည်။

၃။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံဆွေးနွေးရေးကိစ္စနှင့် စပ်လျဉ်း၍ မြန်မာပြည်သူလူထုအတွက် အကျိုးပြုမည့် ရလဒ်ကောင်းများ ရဖို့ဆိုလျှင် ပြင်သာပြောင်းသာစွာဖြင့် တွေ့ဆုံဆွေးနွေးမည်ဟု ၂၀၀၂ ခုနှစ်၊ မေလ (၆)ရက်နေ့တွင် လူသိရှင်ကြား သဘောထားထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၄။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ်– ၁/၂၀၀၇ ၏ အပိုဒ်(၇)တွင် ပါရှိသော ထိပ်တိုက်ရင်ဆိုင်ရေး (confrontation) အလုံးစုံပျက်သုန်းရေး (utter devastation) စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေး၊ အလုံးစုံ ပိတ်ဆို့ရေးတို့သည် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးပြုခြင်း မရှိပါ။ ထို့ကြောင့် ယင်းကိစ္စရပ်များ မဖြစ်ပေါ်ရအောင် နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သဘောတူညီချက်များကိုလည်း နှစ်ဦးနှစ်ဘက် အတူတကွ ကြေညာချက်ထုတ်ပြန်ကြရန် အသင့်ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်မှတဆင့် အာဏာပိုင်တို့ထံ အသိပေးခဲ့ပြီး ဖြစ်ပါသည်။ သို့ပါသဖြင့် ယင်းကိစ္စရပ်များကို အဆုံးအဖြတ်ပေးနိုင်ကြမည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့သည် လက်တွေ့ကျကျ မလွှဲမသွေ တွေ့ဆုံဆွေးနွေးကြပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စိတ်စေတနာကောင်းမွန်စွာဖြင့် တိုက်တွန်းကြောင်း ထပ်မံ၍ အလေးအနက် ကြေညာလိုက်ပါသည်။

၅။ အခြားကိစ္စရပ်တစ်ခုမှာ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်ကို ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့တွင် တွေ့ဆုံရန် ငြင်းပယ်ခဲ့ခြင်း မဟုတ်ပါ။ မတွေ့နိုင်သေးခြင်းသာဖြစ်ပါသည်။ တွေ့ဆုံကြလျှင်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် ရလဒ်ကောင်းများ ရဖို့သာ အဓိကဖြစ်ပါသည်။

၆။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေးအရာရှိ မစ္စတာအီဗရာဟင်ဂမ်ဘာရီ နှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်နေ့တွင် တွေ့ဆုံရာ၌ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိရန် ကြိုးပမ်းအားထုတ်သူများကို တရားစွဲဆိုရာ၌ အကျိုးဆောင်ရှေ့နေဖြင့် ခုခံချေပခွင့် မရခြင်း၊ တရားစစ်ဆေးသည့် ရုံးခန်းထဲသို့ ရှေ့နေများကို ဝင်ခွင့်မပြုခြင်း၊ နှစ်ရှည်လများ ပြစ်ဒဏ်များ ကျခံစေခြင်း၊ အယူခံမှုများကို ဥပဒေနှင့်အညီ ဆုံးဖြတ်မှု မရှိခြင်းတို့သည် တရားဥပဒေစိုးမိုးမှု မရှိခြင်းကို ပေါ်လွင်စေကြောင်း ပြောကြားခဲ့ပါသည်။ ဤသို့ပြောကြားခြင်းမှာ အာဏာပိုင်တို့၏ နိုင်ငံရေးဦးတည်ချက်တွင် ပါဝင်သော “တရားဥပဒေစိုးမိုးရေး” ကို အလေးအနက်ထားခြင်း ဖြစ်ပါသည်။

၇။ တဖန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေးအရာရှိနှင့် တွေ့ဆုံရာတွင် အမြဲဆွေးနွေးသည့် အချက်မှာ မိမိတိုင်းပြည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့သည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ရသည့်အကြောင်းရင်းနှင့် မည်သို့မည်ပုံ လုပ်မှာလဲဆိုသည့် အချက်အလက်များကို မသိရသေး၍ မဆွေးနွေးနိုင်သေးကြောင်းတို့ ဖြစ်ပါသည်။

၈။ ထို့အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှင့် ဒီမိုကရေစီအင်အားစုများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးသို့ ဦးတည်၍ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမထားဘဲ ဆွေးနွေးကြရန် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

၉။ အဆိုပါထုတ်ပြန်ချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဝမ်းမြောက်ဝမ်းသာကြိုဆိုပါသည်။ သို့သော် ဤအချက်နှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သူမနာကိုယ်မနာလမ်းစဉ်ဖြင့် အလျော့အတင်းလုပ်၍ တွေ့ဆုံဆွေးနွေးကြရန် အမြဲတစေ ကြိုးပမ်းလျက်ရှိသော်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်အောင် ယနေ့တိုင် အကောင်အထည်ဖော်ပေးခြင်း မရှိသေးသည်ကို တွေ့ရပါသည်။

၁၆၊ ၂၊ ၂၀၀၉ တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့